# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 23, 2019 Volume 15, Number 15


**၂၃.၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၈၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၃၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၇/ကျပ် |
| CBM Rate | = ၁၅၄၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၄၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၃၂.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၄.၅ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၄.၅ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၁၉၈.၁ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၆.၅၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၃၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၅၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၂.၄၈ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၅၃၅ကျပ် |

**CONTACT US**


ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ယခုရက်ပိုင်းတွင် မြန်မာ-အိန္ဒိယနယ်စပ်၌ ကွမ်းသီးအစိုများ ယခင်နှစ်ကထက် တန်ချိန်ရာနှင့်ချီ တင်ပို့ရောင်းချနေရ



စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်မှ ထွက်ရှိသည့် ကွမ်းသီးအစိုများကို ယခုရက်ပိုင်းတွင် မြန်မာ-အိန္ဒိယနယ်စပ်သို့ တန်ရာနှင့်ချီတင်ပို့ရောင်းချနေရကြောင်းသိရသည်။ ကလေးဒေသနှင့် ချင်းတွင်းမြစ်ရိုး တစ်လျှောက်မှထွက်ရှိသည့် ကွမ်းသီးအစိုများကို နှစ်စဉ်ဇန်နဝါရီလဆန်းမှ မတ်လကုန်အထိ မြန်မာ-အိန္ဒိယနယ်စပ်ဈေးကွက်သို့ တင်ပို့ရောင်းချမှုများရှိရာ ယခုနှစ်တွင် နယ်စပ်မှအများဆုံးဝယ်ယူနေကြခြင်းဖြစ်သည်။

နှစ်စဉ်ကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ တစ်ဖက်နိုင်ငံအခြေအနေကြောင့် အရောင်းအဝယ်ပါးခဲ့ပြီး၊ အခုနှစ်မှာတော့ အရောင်းအဝယ်အခြေအနေက ဇန်နဝါရီလဆန်းချိန်ကစပြီး အရောင်းအဝယ်ကောင်းမွန်ခဲ့တဲ့အတွက် ကွမ်းသီးအစို တန်ရာချီရောင်းရနေတာမျိုးဖြစ်ကြောင်း နယ်စပ်ကုန်သွယ်ရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီလ ၂၂ရက်တွင် ပြောကြားသည်။ မြန်မာ- အိန္ဒိယနယ်စပ် ရောင်းဝယ်ရေးသို့ ကွမ်းသီးအစိုလာရောက်ရောင်းချသည့် ကုန်သည် ၂၀ ဝန်းကျင်ခန့်ရှိပြီး၊ မြန်မာဘက်ရှိ အရောင်းအဝယ်ဈေးကွက်တွင် ကွမ်းသီးကို အလုံးကောက်ဝယ်ယူရပြီး နယ်စပ်ပွဲရုံများတွင်လည်း အလုံးကြီး၊ အလုံးသေးစသည်ဖြင့် ရွေးချယ်ရောင်းဝယ်ကြသည်။

ယခုရက်ပိုင်းတွင် မြန်မာ-အိန္ဒိယနယ်စပ်ပွဲရုံ၌ ကွမ်းသီးအစို အလုံးကြီးတစ်လုံးလျှင် မြန်မာငွေကျပ် ၂၀ နှင့် အလုံးသေးတစ်လုံးလျှင် ၁၀ ကျပ် ဝန်းကျင်ဖြင့် ဝယ်ယူနေကြပြီး၊ ကလေးမြို့ ကွမ်းသီးအစိုရောင်းဝယ်ရေးတွင် ကွမ်းသီးအစို အလုံးလုလု တစ်လုံးလျှင် ၁၂ ကျပ်ဝန်းကျင်နှင့် အသေးတစ်လုံးလျှင် ငါးကျပ်ဝန်းကျင်ဖြင့် ဝယ်ယူကြကြောင်းသိရသည်။

**Source:** https://www.yangonmedia.com/economy/item/11295-

## သကြားဝယ်လိုအားကျ၊ သကြားစက်ရုံတွေစိုးရိမ်နေ



ပြည်တွင်းစက်ရုံထုတ် သကြားဈေးကွက် ဝယ်လိုအားကျဆင်းမှုကြောင့် သကြားစက်ရုံတွေလုပ်ငန်း လည်ပတ်မှုရပ်ဆိုင်းသွားမှာ စိုးရိမ်နေပါတယ်။

တရုတ်နယ်စပ်အတားအဆီးကြောင့် ယခုနှစ်မှာ နယ်စပ်ကုန်သွယ်ရေးကတစ်ဆင့် သကြားတင်ပို့မှုပမာဏနည်းပါးခဲ့တယ်။ ဒီအတွက် တရုတ်ကို တင်ပို့ရောင်းချဖို့ အတွက် ရီအိတ်စပို့လိုင်စင်နဲ့ သွင်းထားတဲ့ သကြားတွေအားလုံးတင်ပို့နိုင်ခြင်းမရှိဘဲ လက်ကျန်ရှိနေတယ်။

ဒါ့အပြင် လုပ်ငန်းသုံး Import သကြားများ မြဝတီနယ်စပ်မှဝင်တဲ့ မှောင်ခိုသကြားတွေလည်း ပြည်တွင်းမှာစုပုံနေတာရှိနေတယ်၊ လက်ရှိ ဈေးကွက်အတွင်းမှာလည်း ပြည်တွင်းသကြားဈေးဟာကျဆင်းနေပြီး တစ်ပိဿာ ကျပ် ၁၀၀၀ မှ ၁၀၄၀ ကျပ်သာ ပေါက်ဈေးရှိနေတယ်။

သကြားဈေးကျဆင်းခြင်းကြောင့် ကြံဈေးကို ယခင်နှစ်ထက် ကြံတစ်တန် ကျပ် ၅၀၀၀ ဝန်းကျင်လျှော့ဝယ်ယူနေကြပါတယ်။ ယခုအခါ ပြည်တွင်းစက်ရုံထုတ်သကြားတွေ ဈေးကွက်ဝယ်လိုအားမရှိတဲ့အတွက် ဂိုဒေါင်တွေမှ စုပုံလာသောကြောင့် ငွေကြေးအကျပ်အတည်းဖြစ်ခြင်းနဲ့ သိုလှောင်ရန် ဂိုဒေါင်မလုံလောက်မှု တွေကြောင့် တောင်သူတွေ စိုက်ပျိုးထားသော ကြံအားလုံးဝယ်ယူခြင်းမရှိဘဲ စက်ရပ်သွားမှာ စိုးရိမ်နေရပါတယ်လို့ သကြားစက်လုပ်ငန်းပိုင်ရှင် ဦးဝင်းဌေးကပြောပါတယ်၊ သကြားဈေးကျဆင်းနေမှုကြောင့်ကြံဈေးကျဆင်းနေပြီး လက်ရှိမှာ ကြံတစ်တန်ဈေးဟာ ယခင်နှစ်ကဈေးထက် ကျပ် ၅၀၀၀ ခန့် ဈေးကျလာတယ်။ ကြံဈေး ယခုထက်ပိုမိုကျဆင်းလာမှာကို ပြည်တွင်းက သကြားစက်ရုံလုပ်ငန်းရှင်အချို့နဲ့ တောင်သူတွေက စိုးရိမ်နေကြတယ်။

၂၀၁၅ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ လေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံမှာကြံသကြားထုတ်လုပ်မှုဟာ နှစ်စဉ်မြင့်တက်လာနေပြီး၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်က ပြည်တွင်းမှာ သကြားတန်ချိန် ငါးသန်းကျော်ထွက်ရှိတယ်။ ဒီနှစ်မှာလည်း ကြံထွက်နှုန်း ကောင်းမွန်ခဲ့တဲ့အတွက် ထုတ်လုပ်မှုပမာဏ တိုးတက်ဖို့ရှိနေတယ်လို့သိရပါတယ်။ ဒီလိုသာ တရုတ်သို့ သကြားတင်ပို့ရာ ဈေးကွက်မှာ အဝယ်ကျဈေးနှုန်းကျဆင်းနေရင် ယခင်နှစ်ကလို ကြံဈေးနှုန်းကောင်းမွန်မှု မရှိနိုင်တဲ့အတွက် ပြည်တွင်းသကြားစက်ရုံတွေနဲ့ ကြံစိုက်တောင်သူတွေအတွက် ဆုံးရှုံးနစ်နာမှုတွေများပြားနိုင်တယ်လို့ လုပ်ငန်းရှင်အချို့က ခန့်မှန်းပြောဆိုပါတယ်၊ ကြံဈေးကျဆင်းလာမှာကို ပြည်တွင်းက သကြားစက်ရုံလုပ်ငန်းရှင်အချို့နဲ့ တောင်သူတွေကစိုးရိမ်နေကြတယ်လို့သိရပါတယ်။

သကြားဈေးကွက် ပြန်လည်ကောင်းမွန်လာရေးအတွက် နည်းလမ်းကတော့ Import အားလုံး အနည်းဆုံးခြောက်လလောက် ရပ်ဆိုင်းထားဖို့၊ စက်ရုံတွေရဲ့ အခက်အခဲတွေကိုအကူအညီပေးဖို့၊ တရုတ်အစိုးရသို့ တရားဝင်ကိုတာရောင်းချခွင့်ရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးဖို့နဲ့ တရားမဝင်တင်သွင်းနေသောသကြားတွေကို တားဆီးပေးဖို့ လိုအပ်နေတယ်လို့သိရပါတယ်။

**SOURCE:** HTTPS://WWW.KUMUDRANEWS.COM/NEWS-32009

## အရာတော်မြို့ကို သနပ်ခါးမြို့တော်အဖြစ် သတ်မှတ်မည်

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့အား“သနပ်ခါးမြို့တော်အရာတော် ”အဖြစ် သတ်မှတ်ခေါ်ဖို့ သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သိရပါတယ်။

ကျွန်တော်တို့မြို့ကိုသနပ်ခါးမြို့တော်လို့ သတ်မှတ်မယ်၊ မကြာခင်မှာ “သနပ်ခါးမြို့တော်အရာတော်” ဆိုတဲ့ မြို့ဝင်

ဆိုင်းဘုတ်တင်ပွဲလုပ်သွားမယ်”လို့ မြန်မာ့သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောပါတယ်။ သနပ်ခါးကို စစ်ကိုင်းတိုင်းဒေသကြီးမှာ အရာတော်၊ ရွှေဘိုမြို့နယ်တွေနဲ့ မကွေးတိုင်းဒေသကြီးမှာ ပခုက္ကူ၊ ရေစကြို၊ ပေါက်နဲ့ မြိုင်စတဲ့မြို့နယ်တွေက အဓိကအများဆုံး စိုက်ပျိုးကြတယ်လို့ သိရပါတယ်။

ပြင်ဦးလွင်မြို့ကို ပန်းမြို့တော်၊ မိုးကုတ်ကို ပတ္တမြားမြေ၊ပုပ္ပားကို စံကားဝါမြေခေါ် သလို သနပ်ခါးမြို့တော်အဖြစ် သတ်မှတ်ဖို့ အတွက် “ သနပ်ခါးမြို့တော် အရာတော်” အမည်ပါ ဆိုင်းဘုတ်တစ်ခုကို အရာတော်မြို့ရှိ အချက်အချာကျတဲ့နေရာမှာ ယခုလအတွင်း စိုက်ထူသွားမယ်လို့ သိရပါတယ်။ အခြားမြို့တွေထက် အရာတော်မြို့နယ်ကို သနပ်ခါးမြို့တော်အဖြစ် သတ်မှတ်ခြင်းမှာ သနပ်ခါးစိုက်ပျိုးမှုအများဆုံးဖြစ်ပြီး ဇကာအနေနဲ့ သနပ်ခါးစိုက်ဇကာ တစ်သိန်းဝန်းကျင်လောက်ရှိတာကြောင့် အရာတော်မြို့ကို “သနပ်ခါးမြို့တော်” လို့ ခေါ်ဝေါ်သတ်မှတ်ဖို့ စီစဉ်တာဖြစ်တယ်လို့ သိရပါတယ်။

မုံရွာမြို့ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရုံးမှာ ဇန်နဝါရီလ ၁၄ ရက်နေ့က ကျင်းပပြုလုပ်တဲ့ အလုပ်အမှုဆောင်အစည်းအဝေးမှာ အရာတော်မြို့ကို သနပ်ခါးမြို့တော်အဖြစ် သတ်မှတ်ဖို့ ဆုံးဖြတ်ချက်ချခဲ့ကြတာဖြစ်တယ်လို့ သိရပါတယ်။ မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းအနေနဲ့ ယခုနှစ် တပို့တွဲလပြည့်နေ့မှာ အရာတော်၊ ရွှေဘို၊ ရေစကြိုမြို့တို့မှာ ပထမအကြိမ် မြန်မာ့သနပ်ခါးနေ့ အခမ်းအနားကို ကျင်းပဖို့ စီစဉ်ဆောင်ရွက်နေတယ်လို့သိရပါတယ်။

**SOURCE:** HTTPS://WWW.KUMUDRANEWS.COM/NEWS-31987

## ယခုနှစ်အတွင်း ပြည်ပသို့ ကြက်သွန်နီ တင်ပို့နိုင်ဖွယ်မရှိ

မြန်မာ့ကြက်သွန် တင်ပို့ရောင်းချနေသော ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့သို့ ယခုနှစ်အတွင်း ကြက်သွန်နီ တရားဝင်တင်ပို့ခွင့်ရနိုင်ရန်အတွက် နမူနာများပေးပို့လိုက်ပြီဖြစ်သော်လည်း ယခုနှစ်အတွင်း ပြည်ပသို့ ကြက်သွန်နီ တင်ပို့နိုင်ဖွယ်မရှိကြောင်း၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုချောင်သီးနှံများ စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်းထံမှ သိရသည်။ လတ်တလော နမူနာပေးပို့ထားသည့်အဆင့်သာရှိသေးပြီး ယင်းနိုင်ငံများဘက်က အကြောင်းမပြန်သေး၍ ပြည်ပသို့မတင်ပို့နိုင်သေးကြောင်း ယင်းအသင်းထံမှသိရသည်။

ဒီနှစ်တော့ ပို့နိုင်မယ်မထင်ကြောင်း၊ မလေးရှားနှင့် ဗီယက်နမ်တွေကလည်း ဒီနှစ်အထွက်နှုန်းကောင်းတဲ့အတွက် ပြည်ပဝယ်လက်ကမရှိတော့ကြောင်း၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ကြက်သွန်ဖြူနှင့်စားဖိုချောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောဆိုသည်။

ထို့ပြင် မြန်မာ့ကြက်သွန်တင်ပို့သည့် နောက်ထပ်နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံအတွင်း၌လည်း ကြက်သွန်များ ဝယ်သူမရှိ၍ ရောင်းမရဖြစ်နေသည့်အတွက် ယခုနှစ်အတွင်း ကြက်သွန်နီကို ပြည်ပတင်ပို့နိုင်ဖွယ်မရှိကြောင်း ၎င်းကဆိုသည်။

မလေးရှားနှင့်ဗီယက်နမ်နိုင်ငံတို့သို့ ကြက်သွန်နမူနာများအဖြစ် ကြက်သွန်တစ်မျိုးလျှင် တစ်လုံးစီကို ဇန်နဝါရီလ တတိယပတ်အတွင်းက ပို့ပေးထားပြီး ပြီးခဲ့သည့်နှစ်အတွင်းက ပြည်ပသို့ကြက်သွန်နီတန်ချိန် သုံးသောင်းဝန်းကျင် တင်ပို့နိုင်ခဲ့ကြောင်း ယင်းအသင်းထံမှ သိရသည်။ ယခုနှစ်အတွင်း ပြည်ပတင်ပို့နိုင်ခြင်းမရှိသေးသည့်အပြင် ပြည်တွင်း၌ ကြက်သွန်နီထွက်သည့်ရာသီသို့ ရောက်ရှိနေသည့်အတွက် ကြက်သွန်ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေပြီး ဆက်လက်ကျဆင်းနိုင်ကြောင်း ဦးခင်ဟန်ကသုံးသပ်ပြောကြားသည်။ ပြီးခဲ့သည့်နှစ်အတွင်းက ပြည်ပသို့ကြက်သွန်တင်ပို့ခဲ့ရာတွင် နိုင်ငံအလိုက်၊ ကြက်သွန်အမျိုးအစားအလိုက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ မှ ၄၀၀ ကြား ဈေးရရှိခဲ့ကြောင်း ကြက်သွန်ကုန်သည်များထံမှသိရသည်။

**Source:** http://thevoicemyanmar.com/news/30849-ktn

## ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီတန်ချိန် ၈,၀၀၀ ကျော် ထုတ်လုပ်နိုင်

ပြီးခဲ့သည် ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ကော်ဖီတန်ချိန် ၈,၀၀၀ ကျော် ထုတ်လုပ်နိုင်ခဲ့ကြောင်း မြန်မာ နိုင် ငံကော်ဖီအသင်း ဥက္ကဋ္ဌ ဦးရဲမြင့်က ပြောသည်။

ယခုကဲ့သို့ ကော်ဖီတန်ချိန် ၈,၀၀၀ ကျော်အထိ ထွက်ရှိခဲ့ခြင်းမှာ ကော်ဖီ စိုက်ဧက တိုးမြင့်လာခြင်းကြောင့် ဖြစ်ပြီး အဆိုပါ တန်ချိန် ၈,၀၀၀ ကျော်ထဲမှ သုညဒဿမ၃ ရာခိုင်နှုန်းသာ ပြည်ပသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

" ကျွန်တော်တို့ဆီက ဘာဖြစ်လဲဆိုတော့ ကော်ဖီကောင်းထွက်ပြီး ပြည်ပကို ကောင်းကောင်း မတင်ပို့နိုင်ဘူး။ ပြည်ပတန်းဝင်ဖြစ်ဖို့ ကြိုးစားရဦးမယ်" ဟု ဦးရဲမြင့်က ပြောသည်။

၂၀၁၈ ခုနှစ်အတွင်း ထွက်ရှိခဲ့သည့် ကော်ဖီတန်ချိန ၈,၀၀၀ ကျော်ထဲမှ ပြည်ပနိုင်ငံများသို့ အထူးတန်ဝင် ကော်ဖီ တန်ချိန် ၃၀၀ သာ တင်ပို့နိုင်ခဲ့ပြီး ကျန်ရှိသည့် ကော်ဖီများကို ပြည်တွင်းဈေးကွက်၌သာ ရောင်းချခဲ့ရကြောင်း သိရသည်။

" ကော်ဖီက ထုတ်ကုန်တွေ တိုးတက်ဖို့အတွက် အစိုးရအနေနဲ့ ပံ့ပိုးကူညီပေးဖို့ လိုလာပြီဖြစ်တယ်။ ကော်ဖီတန်ချိန် တိုးထွက်နေလို့ ဘာမှမဖြစ်ဘူး။ ပြည်ပကို တင်ပို့နိုင်မှ တောင်သူတွေ ဈေးကောင်းရမှာ" ဟု ပြင်ဦးလွင်မြို့မှ ကော်ဖီစိုက်တောင်သူ ဦးခင်အောင်မင်းက ပြောသည်။

ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ ကော်ဖီတန်ချိန် ခန့်မှန်း တန်ချိန် ၇,၀၀၀ ကျော် ထုတ်လုပ်ခဲ့ရာတွင် ပြည်ပကို အထူးတန်းဝင်ကော်ဖီ တန်ချိန် ၂၀၀ ခန့် တင်ပို့နိုင်ခဲ့ရာမှ ၂၀၁၈ ခုနှစ် အရောက်တွင် အထူးတန်းဝင် ကော်ဖီ တန်ချိန် ၃၀၀ ခန့်ထိ တင်ပို့လာနိုင်ခဲ့သည်။

ယခုကဲ့သို့ ကော်ဖိတန်ချိန် ထွက်ရှိမှု များလာသည့်အတွက် ပြည်ပဈေးကွက် ထပ်ရှာခြင်းများ ပြုလုပ်သွားမည့် အပြင် ကော်ဖီမှာ နှစ်ရှည်သီးနှံဖြစ်သည့်အတွက် တောင်သူများ အဆင်ပြေရန် ကော်ဖီနှင့် အခြားသီးနှံများ ရော နှောစိုက်ပျိုးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/amiamyanmar/

## သီလဝါ အထူးစီးပွားရေးဇုန်ထုတ် ကုန်ပစ္စည်းများသယ်ရန် မြို့ပတ်လမ်းများဖော်ဆောင်မည်

သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်ကုန်ပစ္စည်းများကို အာရှဒေသတွင်းဈေးကွက်နှင့် ပြည်တွင်းဈေးကွက်ကို ဖြန့်ဖြူးရောင်းချရန်အတွက် မြို့ပတ်လမ်းများကို ဖော်ဆောင်မည်ဖြစ်ကြောင်း သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ သိရသည်။

သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးရွှေဟိန်းက "သယ်ယူပို့ဆောင်ရေး ဇရိယာကို လျာထားတာတော့ရှိတယ်။ နောက်ပိုင်းမှာလဲ port တွေကို တခုပြီး တခု နိုင်ငံတကာ အဆင့်မီအောင် ဂျပန်နည်းပညာနဲ့ မတ်လကုန်မှာ ဆိပ်ကမ်းတွေ ပိုမိုကောင်းမွန်အောင် လုပ်တော့မှာ။ ရထားလမ်းလည်းလုပ်ဖို့ လျာထားတာရှိတယ်" ဟု ပြောသည်။အဆိုပါ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးလျှင် အာရှစီးပွားရေး ဈေးကွက်ဖြစ်သော ထိုင်း၊ ယူနန်၊ ဗီယမ်နမ်၊ လာအို အစရှိသည့် နိုင်ငံများကို သီလဝါ အထူးစီးပွားရေးဇုန်မှ ထုတ်ကုန်ပစ္စည်းများ တင်ပို့နိုင်မည့်အပြင် ပြည်တွင်း ဈေးကွက်ကိုလည်း လျှင်မြန်လွယ်ကူစွာ ဖြန့်ဖြူးရောင်းချနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အဓိကအားဖြင့် နိုင်ငံခြားသွင်းကုန်များကို လျှော့ချပြီး သီလဝါအထူးစီးပွားရေးဇုန်မှ ထုတ်ကုန်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရန်အတွက် ဇုန်တွင် ရင်းနှီးမြှုပ်နှံသူများကို ပြည်တွင်းဈေးကွက်ကို ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများကို ရင်းနှီးမြှုပ်နှံမှုများ ပို၍ ဖိတ်ခေါ်နေကြောင်း သိရသည်။Myanmar Japan Thilawa Development ကုမ္ပဏီ ဒါရိုက်တာ ဒေါက်တာ ညဏ်သစ်လှိုင် က "ကျနော်တို့ ကုန်ထုတ်လမ်းလို့ပြောတဲ့ လေးလမ်းသွားကြီးတွေကို အခု ခင်းနေပါပြီ။ ဒါက ရန်ကုန်မြို့ထဲကို သွားလို့ရတာဖြစ်သလို၊ ရန်ကုန်မြို့ကို ရှောင်ကွင်းပြီးတော့ ပဲခူးကိုသွားတဲ့ လမ်းကိုလည်း အခု တပြိုင်နက်ထဲ သွားကြမှာပါ။ ဒီလိုကုန်ထုတ်လမ်းကြီးတွေကတော့ ကျနော်တို့ ကုန်ချောပို့ဖို့ အနေနဲ့ရှိပါတယ်။ ပြီးတော့ မီးရထားပို့ဆောင်ရေးကို အမြန်ဆုံးစနိုင်အောင် Master Plan လုပ်နေပါပြီ။ ကျနော်တို့ ဇုန်က ထွက်တဲ့ ပစ္စည်းတွေက ပြည်တွင်းသာမက ပြည်ပကိုလည်း သွားမှာပါ" ဟု ရောဝတီသို့ ပြောသည်။

အဆိုပါ ကုန်ထုတ်လမ်းကြီးများမှာ ကုန်ကြောင်းအနေနှင့်ရှိပြီး Dry Port ဟုခေါ်သော မီးရထားလမ်းကို နိုင်ငံတော်မှ တာဝန်ယူ ဆောင်ရွက်ရသောကြောင့် ရင်းနှီးမြှုပ်နှံမှု ပမာဏကို ပြောကြားနိုင်ခြင်းမရှိကြောင်း ၎င်းက ပြောသည်။ထို့အပြင် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်သားများ နေထိုင်ရန် မိသားစု အိမ်ရာများ (တန်းလျား)၊ ဈေးဝယ်စင်တာပါ အိမ်ရာများ၊ ဂျပန်နိုင်ငံအမှတ်တံဆိပ်ဖြစ်သော 3 star အဆင့်ရှိ စူပါဟိုတယ်များများကို တည်ဆောက်နေပြီး နောက်ပိုင်းတွင် သီလဝါ အထူးစီးပွားရေးဇုန် B၊ အပိုင်း ခ တွင် ဘဏ်ရုံးခွဲများ၊ ဈေးဝယ်စင်တာများ၊ ရုံးခန်းတာဝါများကို တည်ဆောက်ရန် လျာထားကြောင်း ၎င်းက ပြောသည်။

အတွင်းရေးမှူး ဦးရွှေဟိန်း က "ကျနော်တို့က Free zone ရယ်၊ promotion ဇုန်ရယ် ခွဲထားတာပေါ့နော်။ Free zone ကတော့ နိုင်ငံခြား တင်ပို့ဖို့အတွက် ဦးစားပေးတယ်။ စက်ရုံ ၁၀၃ ရုံထဲမှာ နိုင်ငံခြားကို တင်ပို့တဲ့ ကုမ္ပဏီက ၄၀ ကျော်ရှိတယ်။ ကျန်တဲ့ ၆၀ လောက်ကတော့ ပြည်တွင်းကို ဖြန့်ချီတယ်"ဟု ရှင်းပြသည်။သီလဝါ အထူးစီးပွားရေးဇုန် တည်ဆောက်ရေး လုပ်ငန်းများကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယင်းဇုန်ကို မြန်မာ-ဂျပန် ပုဂ္ဂလိက အဖွဲ့အစည်းတို့ ပူးပေါင်းဖွဲ့စည်းထားသည့်Myanmar Japan Thilawa Development Limited မှနေ၍ ရင်းနှီးတည်ဆောက်နေခြင်း ဖြစ်သည်။

အဆိုပါဖက်စပ်ကုမ္ပဏီတွင် မြန်မာဘက်က ၅၁ ရာခိုင်နှုန်းနှင့် ဂျပန်ဘက်က ၄၉ ရာခိုင် နှုန်းရှယ်ယာများ ပါဝင်ပြီး လက်ရှိတွင် သီလဝါ အထူးစီးပွားရေးဇုန်၏ စုစုပေါင်း မြေဧက ၅၇၂၄ ထဲမှာ ဇုန် A သည်မြေဧက ၁ ထောင်ကို အကောင်ထည်ဖော်နေပြီး ဇုန် B မှာလည်း မြေဧက ၄၀၀၊ ၅၀၀ ခန့်ကို အကောင်ထည်ဖော် ဆောင်ရွက်လျက် ရှိသည်။ အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇန်နဝါရီလ ၁၁ ရက်အထိ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၄၇ သန်း နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စာရင်းများအရသိရသည်။

**Source:** http://www.logisticsguide.com.mm/en/industry-news/transportation/1476-thilawa-sez-to-transport-products-to-implement-circular-

## ဒန့်ဒလွန်အသီးနှင့်အရွက်၊ မြင်းခွာရွက်တို့ကိုအခြောက်ခံပြီး ဂျာမနီကိုတင်ပို့နိုင်ရေးအတွက် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံရုံးကြိုးပမ်း







မြန်မာနိုင်ငံမှ ဆေးဘက်ဝင်ဟင်းသီးဟင်းရွက်များဖြစ်သော ဒန့်ဒလွန်အသီးနှင့်အရွက် (moringa) နှင့် မြင်းခွာရွက် (pennywort)တို့အား အခြောက်ခံ၍ ဂျာမနီနိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံရုံးက ကြိုးပမ်းခဲ့ကြောင်း ဇန်နဝါရီလ ၂၃ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံမှထွက်ရှိသော ဒန့်ဒလွန်ရွက်၊ မြင်းခွာရွက်တို့အား အခြောက်ပြုလုပ်ရာ၌ မှီမတက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရေးအတွက် ဂျာမန်ဘက်မှ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် ဈေးကွက်ရရှိစေရန် မြန်မာသံရုံး၊ ဘာလင်မြို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ချက်တွင်ပါရှိသည်။

ယခုအခါတွင် အမေရိကန်ပြည်ထောင်စုနှင့်ဥရောပဒေသတို့တွင် ဒန့်ဒလွန်ရွက်ခြောက် (moringa)ကို ဆေးစွမ်းအာနိသင်ရှိသော စားသောက်ဖွယ်အဖြစ် ဈေးနှုန်းမြင့်မားစွာ ရောင်းချသုံးစွဲလျက်ရှိကြောင်းသိရသည်။

ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက Honourable Mr. Kutlitz နှင့် International Economic Council (IWR)မှ CEO ဖြစ်သူ Mr. Tino Barth တို့အား ဇန်နဝါရီလ ၂၂ ရက်တွင် သံအမတ်ကြီးနေအိမ်သို့ဖိတ်ကြားကာ နေ့လယ်စာဖြင့်ဧည့်ခံပြီး ဒန့်ဒလွန်ရွက်၊ ဒန့်ဒလွန်သီး၊ မြင်းခွာရွက်တို့ကို မြန်မာနိုင်ငံတွင် စားသောက်ပုံနှင့်ရိုးရာဓလေ့ထုံးတမ်းအရ ရရှိနိုင်သော အကျိုးအာနိသင်များကို ရှင်းလင်းပြသခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိုသို့ ဖိတ်ကြားခဲ့ခြင်းမှာ ဂျာမနီနိုင်ငံတွင် နိုင်ငံများအကြား စီးပွားရေးနှင့်ကုန်သွယ်ရေးတိုးမြှင့်ရန် အဓိကရည်ရွယ်ချက်ထားရှိသော လွတ်လပ်သောဒီမိုကရက်တစ်ပါတီ (Free Democratic Party- FDP) ၏ အောက်လွှတ်တော်အမတ် Honourable Mr. Alexander Kulitz ၏ စိတ်ဝင်စားမှုအရ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လက်ရှိတွင် အမေရိကန်ပြည်ထောင်စုနှင့် ဥရောပဒေသတို့တွင် ဒန့်ဒလွန်ရွက်ခြောက် (moringa)ကို ဆေးစွမ်းအာနိသင်ရှိသော စားသောက်ဖွယ်အဖြစ် ဈေးနှုန်းမြင့်မားစွာ ရောင်းချသုံးစွဲလျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/pyimyanmarnews/posts/2034529566582825

## အထည်ချုပ်လုပ်ငန်းများကို ပုံစံနှစ်မျိုးနဲ့ချေးငွေထုတ်ချေးဖို့ SMIDB ဘဏ်စီစဉ်နေ

အထည်ချုပ်လုပ်ငန်းများကို ပုံစံနှစ်မျိုးနဲ့ချေးငွေထုတ်ချေးဖို့ SMIDB ဘဏ်စီစဉ်နေတယ်လို့ ယင်းဘဏ်တာဝန်ရှိသူတွေထံက သိရပါတယ်။ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် အထည်ချုပ်ငန်းကို SMIDB မှ JICA Loan နှင့် CFB Loan ဟူ၍ ချေးငွေထုတ် ချေးမှာဖြစ်ပါတယ်။ JICA ချေးငွေကို အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းကို ပြန်ဆပ်ကာလ ၅ နှစ်ဖြင့် အများဆုံးကျပ်သိန်း ၅ ထောင် ထုတ်ချေးနိုင်မှာဖြစ်ပြီး ချေးငွေသက်တမ်းကို ၅ နှစ်ထားရှိမှာဖြစ်ပါတယ်။ ပထမနှစ် ၅ ခိုင်နှုန်း၊ ဒုတိယ၊တတိယနဲ့ စတုတ္ထနှစ်မှာ ၂၀ ရာခိုင်နှုန်းအသီးသီးနဲ့ နောက်ဆုံးနှစ်မှာ ၃၅ ရာခိုင်နှုန်းနဲ့ ပြန်ဆက်ရမှာဖြစ်ပါတယ်။

ဒ့ါအပြင် အာမခံအပေါ်အခြေခံထားခြင်းမရှိပဲ ငွေသားစီးဆင်းမှုနဲ့အမြတ်ရရှိမှုအပေါ် ချေးငွေထုတ်ချေးတဲ့ CFO ပုံစံကိုလည်း စီစဉ်ထားရှိပြီး လူသုံးကုန်နဲ့အထည်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းတွေ ကိုထုတ်ချေးပေးနေတာဖြစ်ပါတယ်။ SMIDB ဘဏ်အနေနဲ့လက်ရှိမှာ customer ပေါင်း ၁၅၀ ကို ကျပ်ငွေ ၅ ဒသမ ၇ ဘီလီယံထုတ်ချေးပေးထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဘဏ်ခွဲပေါင်း ၁၉ ခု ဖွင့်လှစ်ထားတာဖြစ်ပါတယ်။

**Source:** https://www.facebook.com/SFJWeekly/posts/2233277743426172?__tn__=K-R

## ထိုင်းနိုင်ငံ၏အကြီးမားဆုံးစီးပွားရေးလုပ်ငန်းစုကြီးက မန္တလေး၌ ဆိုင်ကယ်များတပ်ဆင်ထုတ်လုပ်မည်



ထိုင်းနိုင်ငံ၏ အကြီးမားဆုံးစီးပွားရေးလုပ်ငန်းစုကြီးတစ်ခုက ၎င်း၏နိုင်ငံတကာအဆင့်မီ မော်တော်ဆိုင်ကယ်များကို မြန်မာနိုင်ငံအတွင်း မန္တလေးမြို့၌ တပ်ဆင်ထုတ်လုပ်၍ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပထမဆုံးအကြိမ်အဖြစ် ပြည်တွင်း၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးနှင့် ဖြန့်ချိရေးလိုင်စင်ကို ခွင့်ပြုပေးလိုက်သည့်အတွက် Charoen Pokaphan (CP) Group က ကုမ္ပဏီကို မန္တလေးမြို့၌ ၂၀၁၇ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး ထိုင်း၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့မှ နိုင်ငံတကာအဆင့်မီစက်ပစ္စည်း အစိတ်အပိုင်းများကိုမှာယူ၍ မန္တလေးမြို့တွင် တပ်ဆင်ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက်က ပြုလုပ်သည့် အဆိုပါဆိုင်ကယ်ထုတ်လုပ်ဖြန့်ချိရေးနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲတွင် CPM ၏ မန်နေးဂျင်းဒါရိုက်တာကပြောသည်။ မော်တော်ဆိုင်ကယ်စီးတဲ့နေရာမှာ သွားလာဖို့ တစ်ခုတည်းအတွက်သာမက ဖက်ရှင်ကျနမှု၊ သက်သောင့်သက်သာရှိမှုတွေကိုပါခံစားရစေဖို့ အပြောင်းအလဲတစ်ခုအနေနဲ့ ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်ကတော့ မော်တော်ဆိုင်ကယ်တွေကို ယုံကြည်စိတ်ချစွာနဲ့ လူတိုင်းစီးနင်းနိုင်ဖို့အတွက် သင့်တင့်မျှတတဲ့ဈေးနှုန်းဖြစ်ကြောင်း ၎င်းကပြောသည်။ အဆိုပါမော်တော်ဆိုင်ကယ်များကို တပ်ဆင်ထုတ်လုပ်ရန် မန္တလေး အောင်မြေသာစံမြို့နယ်ရှိ မြေတစ်ဧကပေါ်၌ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးစက်ရုံကို တည်ဆောက်ထားပြီး Classy နှင့် Sawasdee ဟူ၍ အမျိုးအစားနှစ်မျိုးထုတ်လုပ်မည်ဖြစ်ကာ အမျိုးအစားအပေါ်မူတည်၍ ကျပ်ကိုးသိန်းခွဲမှ ကျပ် ၁၂ သိန်းအတွင်းဈေးနှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## မြေထောက်ပဲ၊ ထောပတ်ပဲ ပစ္စည်းအဝင်များ၊ ဈေးကျ

မန္တလေးကုန်စည်ဒိုင် ဈေးကွက်မှာ မြေထောက်ပဲ၊ ထောပတ်ပဲ အရောင်းအဝယ်ကောင်းမွန်နေပေမဲ့ ပစ္စည်းအဝင်များပြားမှုကြောင့် ပေါ်ဦးစကာလနဲ့နှိုင်းယှဉ်ရင် မြေထောက်ပဲ၊ ထောပတ်ပဲသုံးတင်းဝင်တစ်အိတ် ကျပ် ၁၀,၀၀၀ ဝန်းကျင် ဈေးကျဆင်းတယ်လို့သိရပါတယ်။

အိန္ဒိယနဲ့ တရုတ်နိုင်ငံတို့က အပြိုင်ဝယ်ယူနေမှုကြောင့် ဈေးကွက်မှာမြေထောက်ပဲ အရောင်းအဝယ်ကောင်းမွန်တယ်။ ဒါပေမဲ့ ဒီရက်ပိုင်းမှာ ဈေးကွက်သို့ မြေထောက်ပဲ ပေါ်များစွာဝင်ရောက်မှုကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းတာလို့ ကုန်သည်အချို့ထံကသိရပါတယ်။



ပေါ်စကာလ ဇန်နဝါရီလဆန်းပိုင်းက မြေထောက်ပဲသုံးတင်းဝင်တစ်အိတ် ကျပ် ၁၄၀,၀၀၀ ဝန်းကျင်ပေါက်ဈေးရှိခဲ့ပြီး၊ ဇန်နဝါရီ ၁၉ ရက်မှာ ကျပ် ၁၃၀,၀၀၀ ဝန်းကျင်ပေါက်ဈေးရှိနေပါတယ်။ လက်ရှိမှာ ဈေးကျဆင်းတယ်ဆိုပေမဲ့ ဒီနှစ်မြေထောက်ပဲဈေးနှုန်းဟာ ယခင်နှစ် ၂၀၁၈ ခုနှစ်က အရောင်းအဝယ်ဖြစ်ခဲ့တဲ့ သုံးတင်းဝင်တစ်အိတ် (ကျပ် တစ်သိန်းဝန်းကျင်) နဲ့ နှိုင်းယှဉ်ပါ က သုံးတင်းဝင်တစ်အိတ် ကျပ် ၃၀,၀၀၀ ခန့် ဈေးပိုရတယ်လို့သိရပါတယ်။ ဒီဇင်ဘာလကုန်ပိုင်းက ထောပတ်ပဲ (ကြီး) ၁၅၀,၀၀၀ ကျပ် ၊ (လတ်) ၁၄၀,၀၀၀ကျပ် (သေး) ၁၂၅,၀၀၀ ကျပ်ဖြစ်ပြီး ၊ ဒီရက်မှာတော့ ထောပတ်ပဲ (ကြီး) ၁၃၅,၀၀၀ ကျပ် (လတ်) ၁၃၅,၀၀၀ ကျပ် ၊ (သေး) ၁၃၅,၀၀၀ ကျပ် ပေါက်ဈေးရှိနေတယ်။ ထောပတ်ပဲအကြီးစတွေ ဈေးကျဆင်းပေမဲ့ အသေးစကတော့ ဈေးမြင့်တက်နေတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-32011?fbclid=IwAR0rr3YX0bRd9MPbZQNrDMVZimUl ArRRMAlBiZkETwAq0LrxEpp96r8QbNo

## နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး ဆန်စပါးအသင်းချုပ်နှင့် ဂျပန်နိုင်ငံ (JAPIC) တို့ သဘောတူညီမှုရရှိ

နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် ဂျပန်နိုင်ငံ Japan Project Industry Council (JAPIC) တို့ ယခုလ ၂၁ ရက်နေ့က သဘောတူညီမှုရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှသိရသည်။

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးထားသည့် ဂျပန်နိုင်ငံ Japan Project-Industry Council (JAPIC) တို့မှာ ယခုလ ၂၁ရက်နေ့က မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါတွေ့ဆုံမှုတွင် မြန်မာ့ဆန်စပါးကဏ္ဍ၏လက်ရှိအခြေအနေများ၊ အခြေခံလိုအပ်ချက်များ၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာကိစ္စများ၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးမည့်စနစ်များ၊ ဆန်စပါးကြိတ်ခွဲခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ၊ ဆန်စပါးမှတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအ ပေါ် နှစ်ဖက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းသဘောတူညီမှုအရ လယ်ယာကဏ္ဍတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် နှစ်နိုင်ငံကုမ္ပဏီများချိတ်ဆက်၍ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးလုပ်ငန်းများကို ဆက်လက်ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်းသိရသည်။

ပူးပေါင်းဆောင်ရွက်မှုတွင် ဂျပန်နိုင်ငံ JAPIC ဘက်မှ အချက် (၇)ချက်အား အဆိုပြုခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာစိုးထွန်းကဆိုသည်။ အရည်အသွေးကောင်းမွန်သည့်မျိုးစေ့ထောက်ပံ့မှုစနစ်တစ်ခုထူထောင်ခြင်း၊ ODA ပစ်မှတ်ထားသည့် နေရာများတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု တိုးတက်အောင်လုပ်ဆောင်ခြင်း၊ ဈေးကွက်လိုအပ်ချက်အတွက် လိုအပ်သည့်ဆန်စပါး၊ ထုတ်လုပ်ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်းကိုမြှင့်တင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်အောင်ဆောင်ရွက်ခြင်း၊ သယ်ယူထောက်ပံ့ရေး အဆောက်အအုံဖွံ့ဖြိုးစေရန်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြုယူနစ် ( Metrology) ကို အသုံးပြုခြင်းနှင့် နောက်ဆက်တွဲ လုပ်ဆောင်ရမည့်အရာများကိုချမှတ်ခြင်း စသည့်အချက် (၇)ချက်ကို ဂျပန်နိုင်ငံ JAPIC ဘက်မှ အဆိုပြုခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဂျပန်နိုင်ငံ Japan Project Industry Council (JAPIC) အဖွဲ့တို့သည် မြန်မာနိုင်ငံလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်းက ကနဦးနားလည်မှု စာချွန်လွှာ (MOU) လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=5778

# STOCK EXCHANGE (23.1.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 23rd Jan. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -300 | -3.30% | 9,000 | 9,000 | 8,800 | 1,470 | 13,087,100 | 27,112,747 | 238,592 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 4,234 | 12,073,250 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,500 | 22,500 | 22,500 | 213 | 4,792,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 292 | 788,400 | 12,212,906 | 32,975 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.01 | -7.39 | -1.93% | 380.41 | 380.41 | 375.01 | 6,209 | 30,741,250 | 5 | 511,983 |


### Index chart




## Market Overview

As of 1:00 pm, 23rd Jan. 2019

| MYANPIX | 375.01 ▼ 7.39 |
|---|---|
| Total Volume (shares) | 6,209 |
| Total Value (MMK) | 31 mil |
| Listed Company | 5 |
| Market Cap. (MMK) | 511,983 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 300 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |